**ပျောက် – ပြောက် (၂)**

ပြောက်ကျို ပြောက်ကျား၊ လူငနွား၊ ကျင့်မှားသီလပျောက်ပျက်ပါ။

**ဆောင်ရန် – ရှောင်ရန် မေတ္တာလက်ဆောင်စကား**

၁။ သုံးပျောက်လို့၊ ငါးကကွာ၊ လေးရှာကဆွဲ၊ ခြောက်ရပ်နှင့်လွဲ

၂။ မြှောက်မလှုပ်၊ ခြောက်မချွေ၊ ကြွေမှုစား။

၃။ ခြောက်ထဲမှာ ပျော်လိုလျှင်၊ ငါးကိုသာကောက်ယူကျင့်။

သူမိုက်ကိုရှေ့၊ သူလျောင်ကိုရှောင်၊ အိုတောင်မဆင်းရဲ။

**သူလျောင်အဓိပ္ပါယ် လက်ာ**

သူနီးသူဝက်၊ သူထက်ပိုစွာ သူယုတ်မာ၊ သူသာသူလျောင်ခေါ်သတည်း။

**ပျောင်း – ပြောင်း**

၁။ လူးဆပ်ပဲပြောင်း၊ နံ့သာပျောင်း၊ မှတ်ကြောင်းခွဲထားပါ။

၂။ စိတ်ပြောင်းရုပ်ပြောင်း၊ ပျော့ပျော့ပျောင်း၊ စုပေါင်းမှတ်ကြပါ။

၃။ သွေ့ညှိုးခွေပျောင်း၊ ဆံတစ်ချောင်း၊ ရုပ်ပြောင်းမှုခြားစွာ။

၄။ အိတ်ဖောင်းသောခါ၊ စိတ်ပြောင်းလာ၊ သူငါ ပျော့ပျောင်းမရှိပါ။

**ပြုန်း – ဖြုံး**

၁။ အကုန်ပျက်ပြုန်း၊ မွဲပြုံးပြုံး၊ အရှုံးရင်ဆိုင်ပါ။

**ပွတ် – ဗွပ်**

၁။ ပွတ်ကာသီကာ၊ လွှမ်းဆွတ်ရှာ၊ စိတ်မှာတမ်းတပါ။

၂။ ပွတ်သီးပွတ်သတ်၊ နှမ်းပွတ်မှတ်၊ စားအပ်လျှာပွတ်ဆေးပါ။

ပွတ်ကာရန် ၃ ချက်

**ပျို – ပညာ**

၁။ ဝန်းယုက်တင်ပျို၊ သမ္မဇ္ဈ၊ ပညာရေးယိုပါ။

**ဖွဲ့ နှင့် ဘွဲ့ အထူးမှတ်ချက်**

ကြိယာပုဒ်အဖြစ်သုံးလျှင် ဖွဲ့ဟု ရေးသားရမည်။



နာမ်ပုဒ်အဖြစ်သုံးလျှင် ဘွဲ့ ဟုရေးသားရမည်။

**သံပေါက်ကဗျာ**

ကြိယာပုဒ်ဖြစ်၊ သုံးစွဲလစ်၊ စင်စစ်ဖွဲ့ရေးပါ။

နာမ်ပုဒ်အဖြစ်၊ သုံးစွဲလစ် စင်စစ်ဘွဲ့ရေးပါ။

(ကဗျာစွယ်စုံကျမ်းကြီးနှာ ၄၁၄)

ဘွဲ့တော်အမည်၊ ရေးဖွဲ့သည်၊ ကျမ်းညီညွှတ်စွာသာ။

**ဗ – အုပ်စုခွဲထား**

ဗိနပ် – ဘိနပ်၊ ဤနှစ်ရပ်၊ ရေးအပ်သေချာစွာ။

**ဗီ – ဖည်**

ဗီလာကန့်လန့်၊ ဆန့်ကျင်အံ့၊ မခန့်သွေဖည်ရာ။

**အံ့ = အန့်ကာရန် ၅ ချက်။**

ရန်စောင်မာန်ဗီ၊ ဖည်ရမ်းသည်၊ မညီစောင်းရွဲ့ပါ။

ဖည်ဟုဆိုခဲ့၊ လိမ် – စောင်းရွဲ့၊ မတဲ့ရှောင်တိမ်းပါ။

မြန်မာရှုရန်၊ အဘိဓာန်၊ ဖွင့်ဟန် ဤသို့ပါ။

**ဗီး – ဖြီး – ပျော – ပြော**

ဗီးကြမ်းငှက်ပျော၊ ဖြီးဖြန်းပြော၊ လိမ်သောသူဖြစ်ပါ။

ဗီး၊ ဖြီး ပျော – ပြော။ ကာရန် ခွဲထား ၂ ချက်။

**ဖု – ဘု**

ရှင်ဘုရင်များ၊ မိဖုရား၊ ပြောကြားမယုံရာ။

အကျိတ်အဖု၊ မောင်းထုဘု၊ တောင်းဆုပြုသောခါ။

**ဘူး – ဖူး**

စာဘူးတောင်းရှာ၊ ရောက်ဖူးပါ၊ ပြောလာသူနှင့်သာ။

ဘုရားကိုဖူး၊ စိတ်ကြည်နူး၊ ဆေးဘူးလှူခဲ့ပါ။